မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ မနသ-......၃၇၉.../ ၂၀၀၃ ။ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၂ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) – ရင်းနှီးမြှုပ်နှံသူ၏ အမည် .... ဦး ၅ထွန်း ....

(ခ) အဘအမည် .... ဦးဂန်စုံရှင်း ....

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် .... ၁၂/စခန(နိုင်) ၀၁၆၀၉၄ ....

(ဃ) နေရပ်လိပ်စာ အမှတ်(၄၄)၊ဘုရားလမ်း(၄)ရပ်ကွက်၊ဇီးကုန်းမြို့နယ် ပဲခူးတိုင်း ။ ....

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း ပတ္တမြား အထည်ချုပ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်(Ruby Garment Manufacturing Co., Ltd.) ....

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား C M P စနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ....

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) ရန်ကုန်တိုင်း၊မှိုင်းသာယာမြို့နယ်၊ မြို့တိုင်း ရပ်ကွက်အမှတ်စက်မှုဇုန်(၂)က နေဝင်မင်းသားကြီးလမ်း၊မြေကွက်အမှတ်(၂၃၅) ....

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်)(၃၇.၃၇)သန်း (ကျပ်သုံးဆယ့်ခုနစ်သန်းသုံးသိန်း၅စ်သောင်း)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၊ ၁၆ /၂၀၀၃ (မနသ)
ရန်ကုန်မြို့၊ ၁၃၆၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်
(၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

၁။ မြန်မာ ကုမ္ပဏီဖြစ်သော ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်(Ruby Garment Manufacturing Co., Ltd.) တည်ထောင်၍ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနထံမှ ဦးအောင်သိန်းနှင့် ဒေါ်ခင်လင်းဦး အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာ စက်မှုဇုန်(၂)၊ ကနောင်မင်းသားကြီးလမ်း၊ မြေကွက်အမှတ် (၂၃၅)ရှိ မြေ(၁.၄၈၄)ဧက (၆၀၀၅.၅၄ စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦကို ငှားရမ်းရန် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား (၁၀-၁၂-၂၀၀၂)နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၃၉/၂၀၀၂) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး (၂၆-၁၂-၂၀၀၂) နေ့တွင် ကျင်းပပြုလုပ်သည့် ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၃၃/၂၀၀၂) အစည်းအဝေးသို့ ဆက်လက်တင်ပြခဲ့ပါသည်။ ယင်း အစည်းအဝေး သဘောတူညီချက်အရ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်နှင့်အညီ (၁၆-၁-၂၀၀၃) နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၂/၂၀၀၃)ကြိမ်မြောက် အစည်းအဝေး သို့တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်းဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Ruby Garment Manufacturing Co., Ltd.)အား မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း ဆောင်ရွက် နိုင်ရန်အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ- ၅၇၉/၂၀၀၃ ကို ထုတ်ပေးလိုက်သည်။

၂။ ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Ruby Garment Manufacturing Co., Ltd.) အနေဖြင့် ဤခွင့်ပြုမိန့် အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ကုန်ထုတ်လုပ်မှု လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန် လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃(ခ)အရလုပ်ငန်းက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့်ရရှိသည့် အမြတ်ငွေအပေါ်တွင် (၅၀) ရာခိုင်နှုန်းအထိ ကာလအကန့်အသတ်ဖြင့် ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန် အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၃)နှစ် ခံစားပြီးနောက် လုပ်ငန်း၏ အမှန်တကယ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ဂ)အရ ထုတ်လုပ်မှုလုပ်ငန်းကြောင့် သတ်မှတ်သည့်နှုန်းအထိ ပြည်တွင်းပြည်ပ ဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန်သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီးသည့်အခါ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကိုဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(စ)အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ် အတွင်း

လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှု ပြုသည့်အခါ လုပ်ငန်းအမှန်တကယ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃(ဆ)အရ လုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ်တန်ဖိုးလျော့ငွေကို သတ်မှတ် သည့် နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နှုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်း တန်ဖိုးလျော့ နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဈ)အရ သတ်မှတ်ထားသည့် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလကုန်ဆုံး၍ ပထမ (၃)နှစ် အတွက်ကုန်ထုတ်လုပ်ရန်ပြည်ပမှတင်သွင်းသည့်လုပ်ငန်းသုံးပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

(စ) ဥပဒေပုဒ်မ ၁၃(ည)အရ ထုတ်လုပ်မည့် ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရောင်းချမှုအပေါ် ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဈ) အရ ပြည်ပမှ တင်သွင်းသည့် လုပ်ငန်းသုံးပစ္စည်း များနှင့် ပတ်သက်၍ အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) ပြည်ပမှတင်သွင်းမည့် ပစ္စည်းများအတွက် နိုင်ငံခြားငွေ ရရှိပုံနည်းလမ်း (Source of Payments for Import) ကို ဖော်ပြရန်။

(ခ) တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည် တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေး ကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်း အထောက်အထား(Inspection Certificate) ဖြင့် တင်သွင်းမည့် ပစ္စည်းအမျိုးအစား စာရင်း (Invoice and Packing List) များကို နိုင်ငံခြား မတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေးအဖွဲ့ငယ်သို့ တင်ပြ၍ ထောက်ခံချက် ရယူရန်။

၄။ ပတ္တမြား အထည်ချုပ်ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Ruby Garment Manufacturing Co., Ltd.)သည် ဤခွင့်ပြုမိန့် အရလုပ်ငန်း ဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု ရည်မှန်းချက် များကို အနိမ့်ဆုံး ရည်မှန်းချက်များအဖြစ်ထားရှိ ဆောင်ရွက်အကောင်အထည် ဖော်ရမည်။

၅။ အဆိုပြုချက်နှင့်အတူ ပူးတွဲတင်ပြသည့် သက်ဆိုင်ရာစာချုပ်စာတမ်းများကို တည်ဆဲဥပဒေများနှင့် အညီ ကုမ္ပဏီအား တရားဝင် ဖွဲ့စည်းတည်ထောင်ပြီးမှသာ နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုး ချုပ်ဆိုကြရမည်။

၆။ ပတ္တမြား အထည်ချုပ်ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Ruby Garment Manufacturing Co., Ltd.)သည် လုပ်ငန်းဆောင်ရွက်မှုအတွက် နိုင်ငံခြားငွေဖြင့်ရရှိသော အမှန်တကယ် ချုပ်ခရငွေများကို မြန်မာ့နိုင်ငံခြား ကုန်သွယ်မှု ဘဏ်/ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်ရှိ မိမိ၏ ငွေစာရင်းသို့ မပျက်မကွက် ပေးသွင်းစေ ရမည်။ အလုပ်သမားများအတွက် လုပ်အားခပေးရန် အမှန်တကယ် ချုပ်ခရငွေ (နိုင်ငံခြားငွေ)များကို သတ်မှတ်ခွင့်ပြု ထားသည့် MONEY CHANGER များတွင် FEC လဲလှယ်ပြီး မိမိတို့၏ အလုပ်သမားများအား လုပ်ခလစာများ ပေးရမည်။

၇။ ပတ္တမြား အထည်ချုပ်ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Ruby Garment Manufacturing Co., Ltd.)သည် ဤအဆိုပြုလုပ်ငန်း၏ စာရင်းများကို သီးခြား ပြုစုထားရှိရမည်။

၈။ ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Ruby Garment Manufacturing Co., Ltd.)ကို မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရန်အတွက် ကုမ္ပဏီများ ညွှန်ကြားမှုဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ လျှောက်ထားရမည်။ ကုမ္ပဏီအား မှတ်ပုံတင်ပြီး သည့်အခါ အောက်ဖော်ပြပါ စာရွက်စာတမ်း (၅) စောင်စီကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့ တင်ပြရမည်။

(က) ကုမ္ပဏီ မှတ်ပုံတင် လက်မှတ် (Certificate of Incorporation)

(ခ) ကုမ္ပဏီများ ညွှန်ကြားမှု ဌာနက အတည်ပြုပြီးဖြစ်သည့် မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြုစုထားသော ကုမ္ပဏီ သင်းဖွဲ့စည်းမျဉ်း နှင့် သင်းဖွဲ့မှတ်တမ်းများ (Memorandum and Articles of Association)

၉။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် နေရပ်ဒေသလိပ်စာနှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာနှင့် တယ်လီဖုန်း နံပါတ်) တို့ ပြောင်းလဲမှုရှိတိုင်း ဤကော်မရှင်သို့ မပျက်မကွက် တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၁၀။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် မြေနှင့်အဆောက်အဦ အငှါးချထားသူ ဦးအောင်သိန်း၊ ဒေါ်ခင်လင်းဦးနှင့် အငှါးချထားခြင်းခံရသူ ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Ruby Garment Manufacturing Co., Ltd.) တို့ချုပ်ဆိုမည့် မြေနှင့် အဆောက်အဦ ငှါးရမ်းခြင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးသည့်အခါ ယင်း သဘောတူစာချုပ် မိတ္တူ (၅)စောင်ကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့ တင်ပြရမည်။

၁၁။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၁၂။ အဆိုပြုလုပ်ငန်းဆောင်ရွက်ရန် အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား ဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။ ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Ruby Garment Manufacturing Co., Ltd.) မှ နိုင်ငံခြားသား ကျွမ်းကျင်သူများ ငှါးရမ်းခွင့်ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၉)၊ အပိုဒ် ၃၃ပါ သတ်မှတ်ချက် များနှင့်အညီ ဤကော်မရှင် သို့သီးခြားတင်ပြ လျှောက်ထားရမည်။

၁၃။ ပတ္တမြား အထည်ချုပ်ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Ruby Garment Manufacturing Co., Ltd.)သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ၊ မဖြစ်ပေါ်လာစေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံ ဂတိပြုထားသည့်အတိုင်း စံနစ်တကျထားရှိဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက် ထားရှိမှု အခြေအနေကို ဤကော်မရှင် သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၄။ ပတ္တမြား အထည်ချုပ်ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Ruby Garment Manufacturing Co., Ltd.)သည် ပူးတွဲပါ ကနဦး လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး ကော်မရှင်သို့ မပျက်မကွက် အစီရင်

ခံရမည်။ ထို့အပြင် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယား များဖြင့် (၆)လ တစ်ကြိမ် (ဧပြီ/ အောက်တိုဘာလများ) မပျက်မကွက် ပုံမှန်ပေးပို့ အစီရင်ခံရမည်။ အဆိုပြုလုပ်ငန်း စတင်ဆောင်ရွက်သည့် နေ့ရက်ကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၅။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့်နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင်ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၆။ ပတ္တမြား အထည်ချုပ်ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Ruby Garment Manufacturing Co., Ltd.)သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲစည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဤခွင့်ပြုမိန့်ကို ပြန်လည်ရုပ်သိမ်းသည်အထိ အရေးယူခြင်း ခံရမည်။

၁၇။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမရှိစေရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားအဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိလျှင် ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်ကို ပယ်ဖျက်ပြီး စက်ရုံ ပိတ်သိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်မည့်အပြင် လုပ်ငန်းအဆိုပြုသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၅(င)အရ နောင်တွင် မည်သည့်ခွင့်ပြုမိန့်မျှ ထုတ်ပေးမည် မဟုတ်သော နာမည်ပျက်စာရင်း၌ ထည့်သွင်းခြင်းခံရမည်။

(ဦးသောင်း)
ဥက္ကဋ္ဌ

စာအမှတ်၊ ရက-၁/မ-၈၂၁/၂၀၀၂ (၄၇၂၉-က)
ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်။

ဖြန့်ဝေခြင်း-
၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ ကာကွယ်ရေး ဝန်ကြီးဌာန၊ တပ်မတော် ထောက်လှမ်းရေး ဌာနချုပ်ရုံး၊ (ပြည်တွင်း ထောက်လှမ်းရေးဌာန)။
၅။ အမှတ်(၁)စက်မှုဝန်ကြီးဌာန။
၆။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။
၇။ အလုပ်သမား ဝန်ကြီးဌာန။

၈။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၉။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန။
၁၀။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။
၁၁။ ဆောက်လုပ်ရေး ဝန်ကြီးဌာန။
၁၂။ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၁၃။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။
၁၄။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။
၁၅။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။
၁၆။ ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန။
၁၇။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အထည်အလိပ်လုပ်ငန်း။
၁၈။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။
၁၉။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန။
၂၀။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
၂၁။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။
၂၂။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၂၃။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။
၂၄။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။
၂၅။ ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန။
၂၆။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန။
၂၇။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။
၂၈။ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။
၂၉။ အုပ်ချုပ်မှု ဒါရိုက်တာ၊ ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Ruby Garment Manufacturing Co., Ltd.)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ် (၁) စက်မှုဝန်ကြီးဌာန

စာအမှတ် ၂၉/၁၀(၁)/၂၀၀၂(၉၂၁၅)
ရက်စွဲ၊ ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၉ ရက်။

အကြောင်းအရာ။ သဘောတူ မှတ်ချက်ပြန်ကြားခြင်းကိစ္စ

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၀၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့စွဲပါစာအမှတ်၊ ရက-၁/မ-ဂ၂၁/၂၀၀၂(၂၅၀၇-ဃ)

၁။ ပအွမြား အထည်ချုပ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ ကနောင်မင်းသားကြီးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုန်(၂) မြေကွက်အမှတ်(၂၃၅) ရှိ မြေ(၁.၄ဂ၄) ဧကပေါ်ရှိ မြေနှင့်အဆောက်အဦးကို ငှားရမ်း၍ CMP စနစ်ဖြင့်အထည်ချုပ်လုပ်ငန်း လုပ်ကိုင်လိုခြင်းနှင့် ပတ်သက်၍ ဤဝန်ကြီးဌာန၏သဘောတူ မှတ်ချက်ကိုပြန်ကြားပေးပါရန်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ မေတ္တာရပ်ခံလာပါသည်။

၂။ ရည်ညွှန်းစာပါစိစစ်ပေးစေလိုသောအချက်အလက်များအားစိစစ်မှုများပြုလုပ်ခဲ့ရာ အောက်ဖော်ပြပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) ပအွမြား အထည်ချုပ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ ဖော်ပြထားသောစက်ပစ္စည်းဈေးနှုန်းများနှင့် CMP ချုပ်ခနှုန်းမှာ သင့်လျော်မှုရှိပါသည်၊

(ခ) ကုန်ကြမ်းလိုအပ်ချက်နှင့်ကုန်ချောထုတ်လုပ်မှုအချိုးအစားညီညွတ်မှုရှိပါသည်။ တစ်နှစ်တာကုန်ကြမ်းလိုအပ်ချက် ဖော်ပြထားမှုမှာလည်း သင့်လျော်မှုရှိပါသည်၊

(ဂ) လုပ်သားအင်အား၊ စက်အင်အားနှင့်စက်ရုံအကျယ်အဝန်းသည် သင့်လျော်မှုရှိပါသည်။

(ဃ) ကုမ္ပဏီမှတင်ပြထားသော စက်အရေအတွက်နှင့် ကုန်ထုတ်စွမ်းအား အချိုးအစားမှာ ညီညွတ်မှုရှိပါသည်၊

(င) အထည်ချုပ်လုပ်ငန်းများ အနေဖြင့် ချောကွက်ပေါ်မူတည်၍ အထည်အမျိုးအမည်နှင့် အရေအတွက်အတိုးအလျော့ရှိပါသည်။ ကုန်ထုတ်အင်အားကို အတိအကျသတ်မှတ်မထားကြပါ။ အပ်ချုပ်စက်၏ တစ်မိနစ်အလျားမည်မျှချုပ်ရိုးပေါက်သည်ကိုသာ သတ်မှတ်ထားပါသည်၊ အထည်ချုပ်လုပ်သည့် အစိတ်အပိုင်းအလိုက် ကော်လာ၊ လက်၊ ကျောရှေ့အခြမ်းနှင့် နောက်အခြမ်းစသည့် တစ်မျိုးစီကိုစုးစိုက်ချုပ်ပြီး မှ ချုပ်ထည်တစ်ခုလုံး အဖြစ်လက်ဆင့်ကမ်းစနစ်(Synchronizing System) အဖြစ်လုပ်ဆောင်ကြ၍ အခြားစက်မှုလုပ်ငန်းကဲ့သို့ စက်အင်အားကို အတိအကျသတ်မှတ်နိုင်မှုမရှိပါ။

၃။ ပအွန်မြားအထည်ချုပ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်အနေဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ မှတ်ပုံတင်ဆောင်ရွက်နေခြင်းမရှိသေးပါကြောင်းနှင့် CMP စနစ်ဖြင့် ဆောင်ရွက်နိုင်သောလုပ်ငန်းဖြစ်ကြောင်း သဘောထားပြန်ကြားအပ်ပါသည်။

ဘို၊ဘွ
၁၀/၉/၂၀၀၂

ဝန်ကြီး (.....)
(မြင့်ဆွေ၊ ဝိုး အဖွဲ့မှူး)

√မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မိတ္တူကို -

ညွှန်ကြားရေးမှူးချုပ်
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့အထည်အလိပ်လုပ်ငန်း

တင်*

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ လုပ်ငန်းဆောင်ရွက်ခွင့် တင်ပြလာသည့် အဆိုပြုချက်များ

နောက်ဆက်တွဲ(က)

စဉ်	ကုမ္ပဏီအမည်နှင့် အဆိုပြုသူအမည်	လုပ်ငန်းအမျိုးအစား	ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ	လျှပ်စစ်ဓာတ်အား လိုအပ်ချက်	လျှပ်စစ်ဓာတ်အား လက်ရှိသုံးစွဲနေမှု	မှတ်ချက်
၁။	ပစိဖိတ်ဇာပန်းထိုးသူများ ကုမ္ပဏီလီမိတက် ဦးရွှေ	CMP စနစ်ဖြင့် စက်ထိုးထည်လုပ်ငန်း	ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၃၃/၄၀)။	၃၀၀-ကီလိုဝပ်	၁၀၀ကေဗွီအေထရန်စဖော်မာ (၁)လုံးတပ်ဆင်သုံးစွဲနေပါသည်။	
၂။	Prime Industries & Business Co;Ltd. ဦးခင်ထွန်း	CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း	ရွှေပြည်သာမြို့နယ်စက်မှုဇုန်အပိုင်း(၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄)၊မြေကွက်အမှတ်(၅၆)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း။	၃၇၅-ကေဗွီအေ	၃၁၅ကေဗွီအေထရန်စဖော်မာ (၁)လုံးတပ်ဆင်သုံးစွဲနေပါသည်။	
၃။	UMH Co;Ltd. ဦးမြင့်ဆွေ	CMP အထည်ချုပ်လုပ်ငန်း (အဟောင်း)	ရွှေပြည်သာမြို့အိုးရှည်ကုန်းရပ်ကွက်၊ အမှတ်(၄)လမ်းမကြီး၊ အမှတ်(၅၃၈)။	၄၀၀-ကေဗွီအေ	၃၁၅ကေဗွီအေထရန်စဖော်မာ (၁)လုံးတပ်ဆင်သုံးစွဲနေပါသည်။	
၄။	ဆဋ္ဌဂံသတ္တုစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်။ ဦးလှစိုး	Cable Trunking Products များထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း။	လှိုင်သာယာ စက်မှုဇုန် (၁)၊ ကွင်းသင်းတိုက်ဝန်ဦးထွန်းညိုလမ်း၊ မြေကွက်အမှတ်(၆၈)၊	၅၀၀-ကေဗွီအေ	၃၁၅ကေဗွီအေထရန်စဖော်မာ (၁)လုံးတပ်ဆင်သုံးစွဲနေပါသည်။	
၅။	အထည်လက်ရာ ကုမ္ပဏီလီမိတက်။ ဒေါ်ခိုင်မူယာအောင်	CMP စနစ်ဖြင့် အထည်ချုပ် လုပ်ငန်း။	လှိုင်သာယာစက်မှုဇုန် (၂)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း။ အမှတ် (၉)	၁၀၀၀-ကီလိုဝပ်	၅၀၀ကေဗွီအေထရန်စဖော်မာ (၁)လုံးတပ်ဆင်သုံးစွဲနေပါသည်။	
၆။	ပတ္တမြားအထည်ချုပ်ထုတ် လုပ်မှုကုမ္ပဏီလီမိတက်။ ဦးလှထွန်း	CMP စနစ်ဖြင့် အထည်ချုပ် လုပ်ငန်း။	လှိုင်သာယာစက်မှုဇုန် (၂)၊ ကနောင်မင်းသားကြီးလမ်း။ မြေကွက်အမှတ်(၂၃၅)။	၁၀၀၀-ကီလိုဝပ်	၃၁၅ကေဗွီအေထရန်စဖော်မာ (၁)လုံးတပ်ဆင်သုံးစွဲနေပါသည်။	

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

စာအမှတ်၊ ၃၈၈/ အသဖ(ထ)ရင်းနှီးမြှုပ်နှံမှု/ ၂၀၀၂။
ရက်စွဲ ၊ ၂၀၀၂ခုနှစ်၊ နိုဝင်ဘာလ(၇)ရက်။

အကြောင်းအရာ။ ။ <u>သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။</u>

ရည်ညွှန်းချက် ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၇-၁၀-၂၀၀၂နေ့စွဲပါ စာအမှတ် - ရက-၁/မ-သဘောထား/ ၂၀၀၂(၃၀၆၃-၈)။

၁။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်ခွင့်အဆိုပြုလွှာများနှင့် ပတ်သက်၍ ရည်ညွှန်းစာဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သဘောထားမှတ်ချက် တောင်းခံလာပါသည်။

၂။ နောက်ဆက်တွဲ(က)ပါ(၉)ဦးမှာလုပ်ငန်းသစ်များမဟုတ်ဘဲ တည်ဆောက်ပြီးလည်ပတ်နေသော စက်ရုံများဖြစ်၍ <u>လျှပ်စစ်ဓာတ်အားရရှိသုံးစွဲလျက်ရှိပါသည်။</u> <u>ဆက်လက်ဓာတ်အားပေးနိုင်ပါသည်။</u>

၃။ နောက်ဆက်တွဲ(ခ)ပါ လုပ်ငန်းသစ် (၂)ဦးအားလည်း <u>ဓာတ်အားဆက်သွယ်ပေးနိုင်ပါကြောင်း ပြန်ကြားအစီရင်ခံ အပ်ပါသည်။</u>

ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)
(ဒေါက်တာစန်းဦး-အင်ဂျင်နီယာချုပ်)

<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်</u>

လိပ်စာ
၁၉၇ - ၁၉၉၊ ကြည်မြင်တိုင်အောက်လမ်း၊
အလုံစာတိုက်၊ ရန်ကုန်မြို့။

ကြေးနန်း
လျှပ်စစ်အဖွဲ့

တယ်လီဖုန်း
၂၂၂၈၆၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ၈၅ / ခွဲ-၃ / ၂၀၀၂ (စီ ၃၅၁၆)
ရက် စွဲ၊ ၂၀၀၂ ခုနှစ် အောက်တိုဘာလ [illegible] ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၀၂ ခုနှစ် စက်တင်ဘာလ ၁၂ ရက် နေ့စွဲပါစာအမှတ်၊ ရက-၁/မ-၈၂၁/၂၀၀၂ (၂၅၀၇-င)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင်ရန်ကုန်တိုင်း၊လှိုင်သာယာ စက်မှုဇုန်အပိုင်း (၂) မြေကွက်အမှတ်(၂၃၅) ၊ ဧရိယာ(၁. ၄၈၄)ဧကပေါ်ရှိ မြေနှင့်အဆောက်အဦး ကို ပတ္တမြားအထည်ချုပ် ထုတ်လုပ်မှုကုမ္ပဏီလီမိတက်မှ ငှားရမ်း၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းနှင့်စပ်လျဉ်း၍အဆိုပြုမြေကွက်အားစိစစ်ရာမြေပေါ်တွင် စည်းရိုးကာရံ ထားပြီး (၇၇′/၇၀′ ×၁၆၅′)ရှိ အဆောက်အဦးတွင် အရှေ့ဘက် (၁၂′×၈၇′)ရှိ (၃)ထပ်ရုံးခန်း တွဲလျက် စက်ရုံ(၁)ရုံနှင့် (၈၀′×၁၆၅′) စက်ရုံ(၁)ရုံ၊ စုစုပေါင်းစက်ရုံ (၂)ရုံတည်ဆောက်ထားပြီး လုပ်ငန်းဆောင်ရွက် နေခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည် ။

၂။ သို့ပါ၍ အဆိုပြုမြေကွက်ပေါ်တွင် CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သင့်လျော်သည်ဟု ယူဆပါကြောင်း တင်ပြအပ်ပါသည် ။

ဝန်ကြီး(ကိုယ်စား)
(တင့်ဆွေ၊ ဒုတိယဝန်ကြီး)

မိတ္တူကို - ညွှန်ကြားရေးမှူးချုပ် ၊
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ။

24/10/02

DD (C/A)

Aye / 109

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
အမှတ်၊ ၂၂၈-၂၃၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့။

စာအမှတ်၊ စီမံ/နဆစ/ပလ(၁)/၂၀၀၂ (၆၄၂)
ရက်စွဲ၊ ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်

အကြောင်းအရာ။ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ

ရည်ညွှန်းချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၂-၉-၂၀၀၂ ရက်စွဲပါစာအမှတ်၊ ရက-၁/မ-၈၂၁/၂၀၀၂ (၂၅၀ရင)

၁။ ရန်ကုန်တိုင်း၊ လှိုင်သာယာစက်မှုဇုန်အပိုင်း (၂) မြေကွက်အမှတ် (၂၃၁) ဧရိယာ (၁.၄၈၄) ဧက ပေါ်ရှိ မြေနှင့်အဆောက်အဦးကို ပဆ္ဆမြွား အထည်ချုပ်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်မှ ငှားရမ်း၍ CMP စနစ်ဖြင့်အထည်ချုပ်လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းချက်ပါစာဖြင့် သဘောထားမှတ်ချက်တောင်းခံလာပါသည်။

၂။ အဆိုပြုမြေကွက်ကိုစိစစ်ရာတွင် မြေပေါ်တွင်စည်းရိုးကာရံထားပြီး (၈၇'/၈၀' × ၁၆၅') ရှိအဆောက်အဦးတွင် အရှေ့ဘက် (၁၂' × ၈၇') ရှိ (၃) ထပ်ရုံးခန်းတွဲလျက်စက်ရုံ (၁) ရုံနှင့် (၈၀' × ၁၆၅') စက်ရုံ (၁) ရုံ၊ စုစုပေါင်း စက်ရုံ (၂) ရုံ တည်ဆောက်ထားပါသည်။ လုပ်ငန်းဆောင်ရွက်နေခြင်းမရှိသေးကြောင်း တွေ့ရှိရပါသည်။

၃။ အဆိုပါမြေပေါ်တွင် ဖော်ပြပါလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်သင့်လျော်သည်ဟု ယူဆပါကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ဆက်လက်တင်ပြနိုင်ပါရန် တင်ပြအပ်ပါသည်။

14/10/2002

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(ထွန်းလင်း - ဒုတိယညွှန်ကြားရေးမှူး)
နိုင်ငံခြားဆက်ဆံရေး

ဝန်ကြီးရုံး၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

မိတ္တူကို - (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။
(၂) စီမံကိန်းမန်နေဂျာ၊ လှိုင်သာယာစက်မှုဇုန်။
(၃) ရုံးလက်ခံ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/မ-၁၃၃၅/ ၂၀၀၂ (၃၇၉၇)။
ရက်စွဲ၊ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂● ရက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီ သို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် တည်ထောင်၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော ပတ္တမြားအထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Ruby Garment Manufacturing Co., Ltd.) တည်ထောင်၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၁၀-၁၂-၂၀၀၂) နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၃၉/၂၀၀၂) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ အစည်းအဝေးမှ လုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်ကို နောက်ဆက်တွဲ(၁) အဖြစ် တင်ပြထားပါသည်။

၂။ လုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ စုစုပေါင်း ကျပ် (၃၇.၃၈၀)သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသား ကျပ် (၁.၉၅၁)သန်း၊ အဆောက်အဦ တန်ဖိုးကျပ် (၀.၅၀၀)သန်း၊ ပရိဘောဂနှင့် လုပ်ငန်းသုံး ပစ္စည်းတန်ဖိုး ကျပ် (၂.၀၀၀)သန်းနှင့် စက်ပစ္စည်းကိရိယာ တန်ဖိုး ကျပ် (၃၂.၉၂၉)သန်း ရင်းနှီးမည် ဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာများကို ပြည်တွင်းမှ ဝယ်ယူ အသုံးပြုမည် ဖြစ်ပါသည်။

၃။ လုပ်ငန်းဆောင်ရွက်ရန်အတွက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနထံမှ ဦးအောင်သိန်း နှင့် ဒေါ်ခင်လင်းဦး အမည်ဖြင့်အသုံးပြုခွင့်ရရှိထားသော မြေကွက်အမှတ်(၂၃၅)၊ ကနောင်မင်းသားကြီးလမ်း၊ လှိုင်သာယာ စက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း ရှိ မြေ (၁.၄၈၄)ဧက (၆၀၀၅.၅၄စတုရန်းမီတာ) ပေါ်ရှိ မြေနှင့် အဆောက်အဦကို ငှါးရမ်း၍ လုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

အချိုးအစား ညီညွတ်မှုရှိကြောင်း၊ တစ်နှစ်တာ ကုန်ကြမ်းလိုအပ်ချက် ဖော်ပြထားမှုမှာ ဆီလျော်မှုရှိကြောင်း၊ လုပ်သားအင်အား၊ စက်အင်အားနှင့် စက်ရုံအကျယ်အဝန်း ဆီလျော်မှုရှိကြောင်း၊ တင်ပြထားသော စက်အရေအတွက်နှင့် ကုန်ထုတ်စွမ်းအား အချိုးအစားများ ညီညွတ်မှုရှိကြောင်း၊ ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေနှင့်အညီ မှတ်ပုံတင် ဆောင်ရွက်နေခြင်း မရှိပါကြောင်းနှင့် CMP စနစ်ဖြင့် ဆောင်ရွက်နိုင်သော လုပ်ငန်း ဖြစ်ကြောင်း ပြန်ကြားလာပါသည်။

၁၁။ ယင်းလုပ်ငန်းသည်မြန်မာနိုင်ငံသားများသာလျှင်ပိုင်ဆိုင်ပြီး၊ နိုင်ငံခြားမှမည်သူမျှပိုင်ဆိုင်မှုမရှိကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှသတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပွားစေရန် လိုအပ်သောအစီအမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားမည် ဖြစ်ကြောင်း၊ မီးဘေးကြိုတင် ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ထွက်ရှိလာသော ကုန်ချောပစ္စည်းများကို CMP စနစ်ဖြင့် (၉၉)ရာခိုင်နှုန်း ပြန်လည် တင်ပို့မည် ဖြစ်ကြောင်း၊ ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေအရ ပြည်နယ်၊ တိုင်း ဒေသကြီးရ စက်မှုကြီးကြပ်ရေးနှင့် လုပ်ငန်း စစ်ဆေးရေး ညွှန်ကြားမှု ဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိမည် ဖြစ်ကြောင်း၊ လုပ်ငန်းအသစ်ဖြစ်ကြောင်းနှင့် CMP ချုပ်ခရငွေများကို မြန်မာနိုင်ငံခြား ကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်ရှိ ငွေစာရင်းသို့ ပေးသွင်းပြီး ယင်းသို့ပေးသွင်းထားသည့် နိုင်ငံခြားငွေများကို တရားဝင်ခွင့်ပြုထားသည့် ငွေလဲလှယ် ရေးဌာနများတွင် ကျပ်ငွေဖြင့် လဲလှယ်ပြီး လုပ်အားခများ ပေးဆောင်မည် ဖြစ်ကြောင်း ဝန်ခံကတိများ ပြု ထားပါသည်။

၁၂။ ကုမ္ပဏီမှ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်း လွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွား ဖြစ်လုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါ သည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၃။ <u>ဆုံးဖြတ်ရန်အချက်။</u>

(က) ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် တည်ထောင်၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက် ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၄။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။

ကုန်သွယ်မှု မူဝါဒကောင်စီ ၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

ဝန်ကြီး၊ သိပ္ပံ နှင့် နည်းပညာ ဝန်ကြီးဌာန။

ကုန်သွယ်မှု မူဝါဒကောင်စီ။

ကုမ္ပဏီ ဒါရိုက်တာနှင့် အစုရှင်များ၏ နေရပ်လိပ်စာ စာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏ အမည်	ဒါရိုက်တာ/အစုရှင်များ၏ လိပ်စာ
၁။	ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် (Ruby Garment Manufacturing Co., Ltd.)	၁။ ဦးလှထွန်း (ဒါရိုက်တာ)	အမှတ် (၄၄)၊ ဘုရားလမ်း၊ (၄)ရပ်ကွက်၊ ဇီးကုန်းမြို့နယ်၊ ပဲခူးတိုင်း။
		၂။ ဒေါ်ထားထားလွင် (ဒါရိုက်တာ)	အမှတ် (၁၁)၊ ရှုပေါ်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
		၃။ ဒေါ်တင်တင်အေး (ဒါရိုက်တာ)	အမှတ် (၇၉၅)၊ ကျော်သူ(၂၁)လမ်း (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

၁-၁-၀၃
cabinet

ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်

၏

အဆိုပြုချက်

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ

RUBY GARMENT MANUFACTURING COMPANY LIMITED.

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ ။ ။ ၂၀၀၃ခုနှစ် ၊ ဇန်နဝါရီလ (၇)ရက် ။

အကြောင်းအရာ ။ ။ **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သို့ အဆိုပြုချက်ပေးပို့ခြင်း။**

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ကျွန်တော်/ကျွန်မတို့ ၏ " ပတ္တမြားအထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် " (Ruby Garment Manufacturing Company Limited) " သည် ရန်ကုန်တိုင်း၊လှိုင်သာယာမြို့နယ်၊ ကနောင်မင်းသားကြီးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုံ(၂)၊မြေကွက်အမှတ်(၂၃၅)၊တွင် နိုင်ငံတကာအဆင့်မီအထည်ချုပ်စက်ရုံတည်ဆောက်၍လုပ်ငန်းဆောင်ရွက်ခွင့်ပြုနိုင်ပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် သို့ အဆိုပြုလျှောက်ထားသော ကုမ္ပဏီ ဖြစ်ပါသည်။

သို့ပါ၍ ခွင့်ပြုမိန့်ထုတ်ပေးနိုင်ပါရန်အတွက် အစိုးရအဖွဲ့အစည်းသို့(၂၂)စုံ ဆက်လက်ပေးပို့တင်ပြ လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

(signature)

ဦးလှထွန်း
(ဒါရိုက်တာ)
ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ ။ ။ ၂၀၀၂ခုနှစ်၊ဒီဇင်ဘာလ (၁၉)ရက် ။

အကြောင်းအရာ ။ ။ <u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သို့ အဆိုပြုချက်ပေးပို့ခြင်း။</u>

အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ကျွန်တော် တို့ ၏ " ပတ္တမြား အထည်ချုပ်ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် " (Ruby Garment Manufacturing Company Limited) သည် ရန်ကုန်တိုင်း ၊ လှိုင်သာယာမြို့နယ်၊ကနောင်မင်းသားကြီးလမ်း ၊ မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုံ(၂) ၊ မြေကွက်အမှတ် (၂၃၅) တွင် နိုင်ငံတကာအဆင့်မီ အထည်ချုပ်စက်ရုံ တည်ဆောက်၍ လုပ်ငန်းဆောင်ရွက်ခွင့်ပြုနိုင်ပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြု လျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

သို့ပါ၍ ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန်အတွက် အထက်အဖွဲ့အစည်းသို့ (၂၅) စုံ ဆက်လက် ပေးပို့တင်ပြလျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

(signature)

ဦးလှထွန်း
(ဒါရိုက်တာ)
ပတ္တမြားအထည်ချုပ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ ။ ။ ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ(၄)ရက်။

အကြောင်းအရာ ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သို့ အဆိုပြုချက်ပေးပို့ခြင်း။

အထက် အကြောင်းအရာပါ ကိစ္စနှင့် ပတ်သက်၍ ကျွန်တော်/ကျွန်မတို့ ၏ "ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက် " (Ruby Garment Manufacturing Company Limited) သည် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ ကနောင်မင်းသားကြီးလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်စက်မှုဇုန်(၂)၊ မြေကွက်အမှတ်(၂၃၅)တွင် နိုင်ငံတကာ အဆင့်မီ အထည်ချုပ်စက်ရုံ တည်ဆောက်၍ လုပ်ငန်းဆောင်ရွက်ခွင့်ပြုနိုင်ပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုလျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

သို့ပါ၍ခွင့်ပြုမိန့်ထုတ်ပေးနိုင်ပါရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုလွှာ(၁၂)စုံ ပေးပို့တင်ပြ လျှောက်ထားအပ်ပါသည်။

လေးစားစွာဖြင့်

ဦးလှထွန်း
(ဒါရိုက်တာ)
ပတ္တမြားအထည်ချုပ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ပြည်ထောင်စုမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့။

ရက်စွဲ ။၂၀၀၂ခုနှစ်၊စက်တင်ဘာလ (၆) ရက်။

အကြောင်းအရာ။ ။ **<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂နှင့်၁၃ တို့အရအခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့် များ လျှောက်ထားခြင်း။</u>**

အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ နှင့် အညီ ဖွဲ့စည်းတည်ထောင်ထားသည့်ကျွန်တော်/ကျွန်မတို့ ၏ " ပတ္တမြားအထည်ချုပ်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်" သည် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ ကနောင်မင်းသားကြီးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်စက်မှုဇုန်(၂)၊ မြေကွက်အမှတ်(၂၃၅)၊ ရှိမြေဧက (၁.၄၈၄) ဧက (၆၄,၆၆၀ စတုရန်းပေ) တွင် နိုင်ငံတကာအဆင့်မီ အထည်ချုပ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြလျှောက်ထားခြင်း ဖြစ်ပါသည်။

" ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် " သည်အထည်ချုပ်စက်ရုံအတွက် လိုအပ်မည့်နိုင်ငံတကာအဆင့်အတန်းမီ စက်ကိရိယာပစ္စည်းများကိုပြည်တွင်းမှ ဝယ်ယူပြီးအရင်းအနှီးအဖြစ် ထည့်ဝင်မည် ဖြစ်ပါသည်။

အဆိုပြုလုပ်ငန်းအတွက်ရင်းနှီးမြှုပ်နှံငွေကျပ်(၃၇၃.၈၀)သိန်းတွင်ပြည်တွင်းသုံးငွေကျပ်(၁၉.၅၁)သိန်း၊ စက်ကိရိယာပစ္စည်းများ ကျပ်(၃၂၉.၂၉)သိန်း၊ ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်း ကျပ်(၂၀)သိန်း၊ အဆောက်အဦ မွမ်းမံခြင်းကျပ်(၅)သိန်း၊ တို့ဖြင့်ထည့်ဝင်ရင်းနှီးမည် ဖြစ်ပါသည်။ ထွက်ရှိလာသောအဝတ်အထည်များ ၏ ၉၉ % ကို C.M.P. စနစ်အရ ပြည်ပသို့တင်ပို့မည်ဖြစ်ပြီး ပြည်တွင်း၌ ၁% ရောင်းချမည်ဖြစ်ပါသည်။

အထည်ချုပ်စက်ရုံတည်ထောင်ခြင်းဖြင့် မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်အသစ်များပေါ်ပေါက် လာမည်ဖြစ်ပြီးနိုင်ငံခြားဝင်ငွေရရှိကာနည်းပညာအသစ်များလည်း ရရှိလာနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော် အတွက်အခွန်ဘဏ္ဍာငွေများရရှိစေရန်အတွက်လည်းကောင်း၊ နိုင်ငံခြားငွေများ ရရှိနိုင်ရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံသားများ အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် အတွက်လည်းကောင်း၊ ကျွန်တော်များလျှောက်ထားခြင်း ကို လက်ခံစဉ်းစားပေးပါရန် နှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၂နှင့်၁၃တို့အရ အခွန်ဆိုင်ရာကင်းလွတ်ခွင့် နှင့် သက်သာခွင့် တို့ကိုလည်း ခံစားခွင့်ပြုပါရန် လျှောက်ထား အပ်ပါသည်။

ဤလျှောက်လွှာနှင့်အတူအောက်ဖော်ပြပါအထောက်အထားစာရွက်စာတမ်းများကိုပူးတွဲတင်ပြအပ်ပါသည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်ကမကထပြုသူ ၏ လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက်၊

(ခ) ဘဏ္ဍာရေးအချက်အလက်များနှင့်ပတ်သက်၍ တွက်ချက်မှု ဇယားများ၊

(ဂ) မြေနှင့်အဆောက်အဦငှားရမ်းခြင်းသဘောတူစာချုပ် (မူကြမ်း)၊

(ဃ) ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းနှင့် ကုမ္ပဏီမှတ်ပုံတင်ထားပြီး ဖြစ်ကြောင်း အထောက်အထားများ။

ရိုသေလေးစားစွာဖြင့်လျှောက်ထားသူ

(signature)

ဦးလှထွန်း
(ဒါရိုက်တာ)
ပတ္တမြားအထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊

ရန်ကုန်မြို့။

ရက်စွဲ၊ ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ(၄)ရက်။

အကြောင်းအရာ။ ။ **<u>C. M. P စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ အထည်အမျိုးမျိုးချုပ်လုပ်သည့် လုပ်ငန်းဆောင်ရွက်ခြင်း နှင့် ပတ်သက်၍ ကတိဝန်ခံချက် တင်ပြခြင်း။</u>**

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပတ္တမြား အထည်ချုပ်ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် " မှနိုင်ငံတကာအဆင့်မီအထည်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားရာတွင် ခွင့်ပြုမိန့်ရရှိနိုင်ရေးအတွက် အောက်ပါတို့ကိုဝန်ခံကတိပြုအပ်ပါသည်။

(က) ဤလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပြီးနိုင်ငံခြားမှမည်သူမျှ ပိုင်ဆိုင်မှုမရှိကြောင်းဝန်ခံကတိပြုပါသည်။

(ခ) ဤလုပ်ငန်းသည် လုပ်ငန်းအသစ်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(ဂ) ဤစက်ရုံမှထွက်ရှိလာသော ကုန်ချောပစ္စည်းများကို **C . M . P** စနစ်ဖြင့် ပြည်ပ သို့ ၉၉ % ပြန်လည်တင်ပို့ သွားမည်ဖြစ်ပါသည်။

(ဃ) နိုင်ငံတော်အစိုးရမှမြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဌာန်းသည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ပါမည်ဟုကတိပြုပါသည်။

(င) ထို့အပြင်ကျွန်တော်များကုမ္ပဏီအနေဖြင့်လုပ်ငန်းဆောင်ရွက်ရာတွင်လည်းပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပွါးစေရန်အတွက် လိုအပ်သောအစီအမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်ထားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၏ နည်းဥပဒေ ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ နှင့် အညီပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရန်အကောင်အထည်ဖေါ်ဆောင်ရွက်သွားမည်ဟု ဝန်ခံကတိပြုပါသည်။

(စ) မီးဘေးကြိုတင်ကာကွယ်မှုများပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဝန်ခံကတိပြုပါသည်။

(ဆ) " ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် " မှ **C . M . P** စနစ်ဖြင့် အထည်ချုပ် လုပ်ငန်းဆောင်ရွက်မှုအတွက် နိုင်ငံခြားငွေဖြင့်ရရှိသော အခကြေးငွေများကို မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ် နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံ နှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် ရှိ ငွေစာရင်းသို့မပျက်မကွက်ပေးသွင်းမည်ဖြစ်ကြောင်း၊ ယင်းသို့ပေးသွင်းထားသည့် နိုင်ငံခြားငွေများ များကိုနိုင်ငံတော်မှခွင့်ပြုထားသည့်ငွေလဲလှယ်ရေးဌာန **Money Changer Counter** တွင် လဲလှယ်ပြီး မိမိလုပ်ငန်းအတွက် အလုပ်သမားများ၏ လုပ်အားခများအားပေးဆောင်ရမည်ကို သိရှိလိုက်နာမည် ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(ဇ) " ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီလီမိတက် " အနေဖြင့် ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေအရပြည်နယ်တိုင်းဒေသဌ္ဌာနရစက်မှုကြီးကြပ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးညွှန်ကြားမှုဦးစီးဌာန တွင်မှတ်ပုံတင်ထားရှိမည် ဖြစ်ကြောင်းဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

ဦးလှထွန်း
(ဒါရိုက်တာ)
ပတ္တမြားအထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီလီမိတက်

ယုပ်ဨါဂြဲဒဒေ

ဗြဴလၚ်လ္ဍဲဂၞ်ကြိုဟ်ဒ္စိုဟ်ဒၜ

ၜဆဗခဂဝဳဂၞ်ကြိုဟ်ဒ္စိုဟ်ဒၜးဂါးလလဝ်ဒဒ္ဒဲဂဒ္ဍုဂြ

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေအရ
ရင်းနှီးမြှုပ်နှံလိုသူ၏အဆိုပြုချက်
(ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၈)

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

ရက်စွဲ ။ ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်။

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံ တော်အတွင်း ရင်းနှီးမြှုပ်နှံ လိုပါသဖြင့် ခွင့်ပြုမိန့် ထုတ်ပေးပါရန်အောက်ပါ အချက်အလက်များ ဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏ –

(က) အမည်	– ဦးလှထွန်း
(ခ) အဖအမည်	– ဦးရန်စုံရှင်း
(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်	– ၁၂/ စခန(နိုင်)ထ၆၇၉၄
(ဃ) နေရပ်လိပ်စာ	– အမှတ်– ၄၄၊ ဘုရားလမ်း၊ (၄)ရပ်ကွက်၊ ဓနီကုန်းမြို့နယ်၊ ပဲခူးတိုင်း။
(င) လူမျိုး၊ဘာသာ	– တရုတ် ၊ရှမ်း (ဗုဒ္ဓဘာသာ) ။
(စ) အဖွဲ့အစည်းအမည်	– ပတ္တမြားအထည်ချုပ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်
(ဆ) လုပ်ငန်းအမျိုးအစား	– အထည်ချုပ်လုပ်ငန်း
(ဇ) အဖွဲ့အစည်းတည်နေရာအရပ်	– မြေကွက်အမှတ်(၂၃၅)၊ကနောင်မင်းသားကြီး၊ မြေတိုင်းရပ်ကွက်အမှတ်စက်မှုဇုံ(၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်ပြုလုပ်မည့်သူများ၏

(က) အမည်
(ခ) အဖအမည် ____________________
(ဂ) နိုင်ငံသား / အမျိုးသားမှတ်ပုံတင်အမှတ် ____________________
(ဃ) နေရပ်လိပ်စာ ____________________
(င) လူမျိုးဘာသာ ____________________
(စ) အဖွဲ့အစည်း ____________________
(ဆ) လုပ်ငန်းအမျိုးအစား ____________________
(ဇ) အဖွဲ့အစည်းတည်ရှိရာအရပ် ____________________
(နှစ်ဦးသို့မဟုတ်အဖွဲ့အစည်း ၂ခုထက်ပိုပါက သီးခြားစာရွက် တွင် ဖော်ပြပူးတွဲရန်)

၃။ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား -

(က) ကုန်ထုတ်လုပ်မှုလုပ်ငန်း - C. M.P စနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း ။

(ခ) ဝန်ဆောင်မှုလုပ်ငန်း - ------------------

(ကုန်ပစ္စည်းအမည် သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားဖော်ပြရန်)

၄။လုပ်ကိုင်မည့်စီးပွားရေးပုံစံ

(က) နိုင်ငံသားနှင့် နိုင်ငံသားတို့က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း။

---------------------လီမိတက်ကုမ္ပဏီ----------------

(ခ) အဖွဲ့အစည်းနှင့် နိုင်ငံသားတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း ။

-------------- မရှိပါ ------------------------------

(ဂ) အဖွဲ့အစည်းနှင့် အခြားအဖွဲ့တို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း ။

-------------- မရှိပါ ------------------------------

၅။ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ် ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့အစည်းပုံသဏ္ဍာန် .

(က) တစ်ဦးတည်းပိုင် --------------------------------

(ခ) ဖက်စပ် / အစုစပ်လုပ်ငန်း --------------------------------

(ဂ) လီမိတက်ကုမ္ပဏီ ပတ္တမြား အထည်ချုပ် ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်
(Ruby Garment Manufacturing Company Limited)

(ဃ) သမဝါယမအသင်း - --------------------------

(အများနှင့်အသက်ဆိုင်သည့်ကုမ္ပဏီ/အများပိုင်ကုမ္ပဏီဟုဖော်ပြ၍ထည့်ဝင်မည့်မ,တည်ငွေရင်းအမျိုးအစား၊ စီမံခန့်ခွဲသူ/စီမံခန့်ခွဲမည့်သူများ၏အမည်၊နေရပ်လိပ်စာများနှင့်ရာထူးတို့ကိုပူးတွဲတင်ပြရန်)နောက်ဆက်တွဲ (၁)

၆။ ဖက်စပ် / အစုစပ်လုပ်ငန်းဖြစ်ပါက -

(က) အစုစပ်တို့က ထည့်ဝင်မည့်အစုငွေ အချိုးအစားနှင့်ပမာဏ

(ခ) အကျိုးအမြတ်ခွဲဝေမည့်အမျိုးအစား

(ဂ) အစုဝင်များ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

(နေရာမလုံလောက်က သီးခြားစာရွက်ဖြင့်ဖော်ပြရန်)

၇။ သမဝါယမအသင်း / လီမိတက်ကုမ္ပဏီဖြစ်ပါက -

(က) ခွင့်ပြုမတည်ငွေရင်း - ကျပ် ၁၀၀,၀၀၀,၀၀၀
(ကျပ်သန်းတစ်ရာတိတိ)

(ခ) အစုရှယ်ယာအမျိုးအစား - တစ်စုလျှင် ကျပ် ၁၀,၀၀၀
(ကျပ်တစ်သောင်းတန်)
သာမန်အစုရှယ်ယာ ၁၀,၀၀၀

(ဂ) အစုရှယ်ယာရှင်များကထည့်ဝင်မည့်အစုရှယ်ယာ ပမာဏ - ကျပ် ၃၇,၃၈၀,၀၀၀/-(အစု-၃၇၃၈)

၈။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့်အဖွဲ့အစည်းနှင့်သက်ဆိုင်သောအချက်အလက်များ -

(က) မတည်ငွေရင်းပမာဏ(ထောင်ပေါင်း)	ကိုယ်ပိုင် **(ကျပ်)**	ချေးငွေ **ပြည်ပ (US $)**	စုစုပေါင်း **(ကျပ်)**
(၁) ငွေပမာဏ (နိုင်ငံခြားမတည်ငွေပါဝင်ပါက သီးခြားဖော်ပြရန်)	၁,၉၅၁	-	၁,၉၅၁
(၂) အဆောက်အဦ (မွမ်းမံ)	၅၀၀	-	၅၀၀
(၃) မြေ	-	-	-
(၄) ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းများ (နောက်ဆက်တွဲ ၄)	၂,၀၀၀	-	၂,၀၀၀
(၅) စက်ပစ္စည်းကိရိယာ (နောက်ဆက်တွဲဇယား ၂)	၃၂,၈၂၉		၃၂,၈၂၉
(၆) ကုန်ကြမ်းပစ္စည်းများ	-	-	-
စုစုပေါင်း ထည့်ဝင်ရင်းနှီးငွေ	**၃၇,၃၈၀**	-	**၃၇,၃၈၀**

(စက်ပစ္စည်းကိရိယာများကို ပြည်တွင်းမှ ဝယ်ယူအသုံးပြုပါမည်)

(ခ) နိုင်ငံခြားမှတင်သွင်းရန်လိုအပ်သည့်	ကျပ်(၀၀၀)	အမေရိကန်ဒေါ်လာ (၀၀၀)
(၁)စက်ပစ္စည်းများ၊စက်ကိရိယာများ၏တန်ဖိုး (နောက်ဆက်တွဲဇယား ၂)	-	-
(၂) ကုန်ကြမ်းပစ္စည်းများနှင့်အခြားအလားတူပစ္စည်း၏တန်ဖိုး	-	-
(၃) ကျွမ်းကျင်မှုနည်းပညာရပ်များ၏တန်ဖိုးပမာဏ	-	-
စုစုပေါင်း	**-**	**-**

(ဂ) တည်ဆောက်မှုကာလ (၃) လ

(ဃ) ပဏာမစူးစမ်းလေ့လာမှုပြုလုပ်မည့်ကာလ (၆) လ

(င) တည်ဆောက်မှုစတင်မည့်အချိန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိသည့်နေ့မှ စတင်ဆောင်ရွက်သွားမည်။

၉။ ဆောင်ရွက်မည့်စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သောအချက်အလက်များ -

(က) လုပ်ငန်းအမျိုးအစား - **C. M.P** စနစ်ဖြင့် အထည်ချုပ် လုပ်ခြင်းလုပ်ငန်း။

(ခ)ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသ - ရန်ကုန်တိုင်း၊လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုံ(၂)၊ကနောင်မင်းသားကြီးလမ်း၊မြေကွက်အမှတ်(၂၃၅)၊

(ဂ)ဆောင်ရွက်ပုံနည်းစနစ် –အခစားချုပ်လုပ်မှုစနစ် (Cutting , Making & Packaging) C . M . P .

(ဃ) နှစ်စဉ် စက်သုံးဆီလိုအပ်ချက် အမျိုးအစားအရေအတွက် -

(၁) ဒီဇယ်ဆီ — ဂါလံ (၅၀၀၀)

(၂) ဓာတ်ဆီ — ဂါလံ (၃၀၀၀)

(၃) စက်ဆီ၊ ချောဆီ — ဂါလံ (၅၀၀)

(င) နှစ်စဉ်လျှပ်စစ်ဓါတ်အားလိုးအပ်ချက် –

အားအသုံးပြုမှု	မြင်းကောင်ရေ
၁။ လျှပ်စစ်ဓါတ်အား	၁၀၀၀ ကီလိုဝပ်
၂။ ဓါတ်ဆီ/ဒီဇယ်အင်ဂျင်စက်အား	၃၅၀ KVA
၃။ ဘွိုင်လာ အသုံးပြုအင်ဂျင်စက်အင်အား	—————————
၄။ သဘာဝဓာတ်ငွေ့သုံးစက်အား	—————————
၅။ ပေးပို့သည့်အခြားအား	—————————

(စ) နှစ်စဉ် ရေလိုအပ်ချက် — ၁၈၂,၅၀၀ ဂါလံ

(နေ့စဉ်ရေလိုအပ်ချက်ရှိလျှင်ဖော်ပြရန်) — ၅၀၀ ဂါလံ

(ဆ) နှစ်စဉ်လုပ်ငန်းသုံးပစ္စည်း / ကုန်ကြမ်းလိုအပ်ချက်

(နောက်ဆက်တွဲ ၅)

အမျိုးအမည် ရေတွက်ပုံ	အရေအတွက်	တန်ဖိုး (ကျပ်ထောင်ပေါင်း)
၁။ အဓိကကုန်ကြမ်း		
(၁) —————	—————	—————
(၂) —————	—————	နောက်ဆက်တွဲ (၅)
၂။ အထောက်အကူကုန်ကြမ်း		
(၁) —————	—————	—————
(၂) —————	—————	—————
၃။ စက်သုံးဆီ / ဓါတ်ငွေ့များ –		
(၁) —————	—————	—————
(၂) —————	—————	—————

(ဇ) အဆောက်အအုံလိုအပ်ချက် –(၁၆၅ပေ x ၈၇/၈၀ပေ)တစ်ထပ်အဆောက်အဦ(၁)လုံး နှင့်
(၁၆၅ပေ x ၈၀ပေ) တစ်ထပ်အဆောက်အဦနှင့် တွဲလျက်
(၁၂ပေ x ၈၇ပေ) သုံးထပ်အဆောက်အဦ (၁)လုံး။
နောက်ဆက်တွဲ – (၉)

(ဈ) မြေနေရာအမျိုးအစားနှင့်အကျယ်အဝန်းလိုအပ်ချက် – မြေ (၁.၄၈၄) ဧက
(၆၄,၆၆၀ စတုရန်းပေ)

(ည) ခန့်မှန်းထုတ်လုပ်မည့်ကုန်ပစ္စည်း / ဆောင်ရွက်မည့်ဝန်ဆောင်မှု

အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး
		နောက်ဆက်တွဲ(၆)	
—————	—————	—————	—————
—————	—————	—————	—————

		ပြည်တွင်းရောင်း	ပြည်ပအရောင်း
(၄) ရောင်းချမည့်စနစ်	–	၁ %	၉၉ %

(ပြည်တွင်းတွင်ကျပ်ငွေဖြင့်ရောင်းချမည်)

၁၀။ နှစ်စဉ်ကုန်ထုတ်မှု / ဝန်ဆောင်မှုနှင့် စပ်လျဉ်းသောအချက်အလက်များ –

ခန့်မှန်းခြေ

(က) လုပ်ငန်းလည်ပတ်ရန်လိုအပ်မည့်ကျပ်ငွေ

(ခ) လိုအပ်မည့်နိုင်ငံခြားသုံးငွေ

(ဂ) ရရှိမည့်နိုင်ငံခြားသုံးငွေပမာဏ — နောက်ဆက်တွဲ (၇)

(ဃ) ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း / ဝန်ဆောင်မှုတန်ဖိုးပမာဏ — နောက်ဆက်တွဲ (၇)

(င) နှစ်စဉ်ပြည်တွင်း၌ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ ဝန်ဆောင်မှုတန်ဖိုးပမာဏ — နောက်ဆက်တွဲ (၇)

၁၁။ ဆောင်ရွက်မည့်စီးပွားရေးလုပ်ငန်းတွင်လိုအပ်မည့်အမှုထမ်းများစာရင်း –

(က) ပြည်တွင်းမှ လိုအပ်မည့် အမှုထမ်းများ –

အမှုထမ်းအမျိုးအစား	ဦးရေ
နောက်ဆက်တွဲဇယား (၃)	

(ခ) နိုင်ငံခြားမှ လိုအပ်မည့်ကျွမ်းကျင်သူနှင့် အတတ်ပညာရှင်များ –

ကျွမ်းကျင်သူအမျိုးအစား	ဦးရေ
ခန့်ထားမည့်အချိန်ကာလ	
ကျွမ်းကျင်သူပညာရှင် (စက်တင်ဆင်မှုကာလ)	၂ ဦး
ကျွမ်းကျင်သူပညာရှင်	၁ ဦး (ကုန်ပစ္စည်းထုတ်လုပ်သည့် ကာလအတွက်)

နောက်ဆက်တွဲ (၃)

၁၂။ စီးပွားရေး တွက်ချေကိုက်မှုနှင့် စပ်လျဉ်းသော အချက်အလက်များ –

	ကျပ်ငွေ (ထောင်ပေါင်း)	နိုင်ငံခြားငွေ (ထောင်ပေါင်း)
(က) နှစ်စဉ်ဝင်ငွေရရှိမှု	နောက်ဆက်တွဲ (၇)	–
(ခ) နှစ်စဉ်လုပ်ငန်းကုန်ကျစရိတ်	နောက်ဆက်တွဲ (၇)	–
(ဂ) နှစ်စဉ်အသားတင်အမြတ်	နောက်ဆက်တွဲ (၇)	–
(ဃ) နှစ်အလိုက်ရင်းနှီးမြှုပ်နှံမှု(ပထမနှစ်)		–
(င) အရင်းကျေကာလ	–	နောက်ဆက်တွဲ (၈)
(စ) အခြားအကျိုးအမြတ်များ		–အလုပ်အကိုင်ပိုမိုရရှိ၍နည်းပညာသစ်များ ရရှိပြီးနိုင်ငံတော်အတွက်နိုင်ငံခြားဝင်ငွေရရှိခြင်း
(ဆ) အလုပ်အကိုင်သစ်များပေါ်ပေါက်လာမည့် အခြေအနေ		နောက်ဆက်တွဲ (၃)

၁၃။ ဆောင်ရွက်ရန် အဆိုပြုချက်နှင့် စပ်လျဉ်းသည့် အထောက်အထားများ၊ အဆိုပြုတင်ပြသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအတွက် အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြအပ်ပါသည်။

(က) ပဋိညာဉ်စာချုပ်မူကြမ်း (လိုအပ်သည့်ကိစ္စတွင်)

(ခ) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ

(ဂ) လက်ရှိဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း/ဖွဲ့စည်းခြင်းမရှိသေးပါက သင်းဖွဲ့မှတ်တမ်း မူကြမ်းနှင့် သင်းဖွဲ့စည်းမျဉ်း (မူကြမ်း)၊

(ဃ) လက်ရှိဖွဲ့စည်းပြီးအဖွဲ့အစည်းဖြစ်ပါက လက်ရှိအခြေအနေနှင့်ပြင်ဆင်ဖွဲ့စည်းမည့်အခြေအနေ အထောက်အထားများ၊

(င) မြေနှင့်အဆောက်အဦငှားရမ်းခြင်းသဘောတူစာချုပ် (မူကြမ်း)။

(လျှောက်ထားသူ)

လက်မှတ် ၊ ______________

အမည် ၊ ဦးလှထွန်း

ရာထူး ၊ ဒါရိုက်တာ

ပတ္တမြားအထည်ချုပ်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်

နောက်ဆက်တွဲ (၁)

Ruby Garment Manufacturing Company Limited

ဒါရိုက်တာ စာရင်း

စဉ်	အမည်	အမျိုးသားမှတ်ပုံတင်အမှတ် / နေရပ်လိပ်စာ	ရာထူး	အစုရှယ်ယာ
